**OUTDOOR EDUCATION CENTER**
BATTLE CREEK PUBLIC SCHOOLS
10160 South M-37 Highway
Dowling, Michigan 49050
269-721-8161

## မိဘလက်စွဲစာအုပ် - စာသင်ကျောင်း စခန်း အစီအစဉ်

သင့်ကလေးသည် Battle Creek ပြင်ပပညာရေးစင်တာမှ ဦးစီးသော စာသင်ကျောင်း၏ စခန်းချခရီးစဉ် တွင်ပါဝင်နိုင်ခြင်းသည်ကလေးအတွက်အလွန်ကောင်းမွန်သောအခွင့်တစ်ရပ်ပင်ဖြစ်ပေသည်။ Battle Creek အစိုးရစာသင်ကျောင်းအနေဖြင့် စာသင်ကျောင်း၏စခန်းချခရီးစဉ်အတွက် Clear Lake Camp ရှိပြင်ပပညာရေးစင်တာကို လွန်ခဲ့သော ၁၉၄၇ ခုနှစ်ကတည်းမှရွေးချယ်ပြီးအသုံးပြု ခဲ့ပါသည်။

## စာသင်ကျောင်းစခန်းချခရီးထွက်ခြင်းအစီအစဉ်ပြုလုပ်ရခြင်း၏ရည်ရွယ်ချက်

### (Purpose of the School Camping Program)

ပြင်ပပညာရေးစင်တာပြုလုပ်ရခြင်း၏ရည်ရွယ်ချက်မှာ- ကျောင်းသူ/သားများစာသင်ခန်းအတွင်း အထဲမှအပြင်(out-of-doors)သင်ကြားထားသောသင်ခန်းစာများအား မိမိတို့သဘာဝပတ်ဝန်းကျင်၌လိုက်လျောညီထွေစွာရှင်သန်တတ်လာရန်ဖြစ်သည်။ ၎င်းအပြင်စာသင်ကျောင်း၏စခန်းချခရီးထွက်ခြင်းအစီအစဉ်ဖြင့် ကျောင်းသူ/သားနှင့်ဆရာ/မများသည် သင်ကြားခြင်း၊ စူးစမ်းလေ့လာခြင်း နှင့် သဘာဝပတ်ဝန်းကျင်တို့၌လက်တွေ့လေ့ကျင့်ခွင့်ရရှိခြင်းပင်ဖြစ်ပါသည်။ဤအတွေ့အကြုံများဖြစ်ကလေးများ၏ တိုးတက်မှု နှင့် စိတ်ဝင်စားခြင်းတို့အတွက်အခွင့်အရေးဖြစ်ပြီး၊ သူတို့ကြီးပြင်းလာတဲ့အထိအကျိုးသက်ရောက်မှုများရရှိနိုင်မှာဖြစ်ပါသည်။ ဤစာသင်ကျောင်း၏စခန်းချခရီးထွက်ခြင်းအစီအစဉ်တွင်ကလေးများသည် ဒီမိုကရေစီနည်းကျကျ၊အခြားကလေးများနှင့်အတူ သင်ကြားခြင်း၊ ပူးပေါင်းလုပ်ဆောင်ခြင်း နှင့် အတူတကွနေထိုင်စသည့်တို့၌လွတ်လပ်စွာနေထိုင်ခွင့်ရှိပါသည်။

ကလေးများသည် ၎င်းတို့၏စိတ်ကူးများတိုးမြှင့်စေရန်၊ သိမြင်မှုစွမ်းရည်များတိုးမြှင့်စေရန်၊ ပြဿနာဖြေရှင်းနည်းကျွမ်းကျင်မှုတိုးတက်စေရန် နှင့်အထွေထွေဗဟုသုတများရရှိစေရန်၊ များသောအားဖြင့်အပြင်ဖက်တွင်လေ့လာသင်ယူကြမှာဖြစ်ပါသည် ထို့အပြင်၊မိဘများနှင့်ဝေးကွာနေစဉ်တွင်လုံခြုံမှုရှိစေရန်၊ ပျော်ရွှင်မှုရှိစေရန် အတွေ့အကြုံသစ်များကိုရရှိစေမှာဖြစ်ပါသည်။

## တည်နေရာ နှင့် လမ်းညွှန် (Location & Directions)

Battle Creek ပြင်ပပညာရေးစင်တာ ဖြစ်သော Clear Lake Camp ၏ တည်နေရာသည် Barry County တွင်ဖြစ်ပြီး၊ လိပ်စာမှာ Clear Lake at 10160 South M-37 Highway, အမြောက်ဖက် Battle Creek မှ ၁၃ မိုင်အကွာအဝေးတွင်ရှိပြီး တောင်ဖက် Dowling မှ ၁.၅ မိုင်ခန့်ကွာဝေးပါသည်။

Google မြေပုံ သို့မဟုတ် GPS ကိုအသုံးပြုပါက၊ လိပ်စာရေးသောအခါ စခန်း၏လိပ်စာနှင့်မရှာဘဲ၊ "Dowing, Michigan" ဖြင့်ရှာဖွေရန်အကြံပြုလိုပါသည်။ ကျွန်ုပ်တို့သည် Marathon gas တည်ရှိရာ နှင့် General စတိုးဆိုင်တည်ရှိရာ၏ တောင်ဖက် Dowling မှ ၁.၅ မိုင်အကွာတွင်တည်ရှိပါသည်။ စခန်းသည် အနောက်ဖက်လမ်းမကြီးနှင့်အတူ ကြီးမားသော အညိုရောင် နှင့် အဖြူရောင်အမှတ်ရှိသည့် စိုက်ပျိုးမွေးမြူရေးခြံ၏မျက်နှာချင်းဆိုင်တွင်တည်ရှိသည်။ကျွန်ုပ်တို့သည် Pifer/Lacey Road နှင့် M-37 ၏အမြောက်ဖက်လမ်းဆုံတွင်တည်ရှိသည်။ M-37 ကို Bedford Rd ဟုလည်းခေါ်ကြသည်။

## Clear Lake စခန်း၏ အဆောက်အအုံ၊ ပစ္စည်းများ။ (Clear Lake Camp Facilities)

စခန်းတည်ဆောက်မှု- အခန်းများတည်ဆောက်မှုတွင် ထမင်းစားခန်း၊ စာသင်ခန်း၊ အပန်းဖြေခန်း၊ အမှတ်တရပစ္စည်းဝယ်ယူနိုင်သောစတိုးဆိုင်၊ ကျန်းမာရေးနှင့်ပတ်သက်သောရုံးခန်း၊ နှင့် သန့်စင်ခန်းများပါရှိသည်။

အဆောင်- ယောကျာ်းကလေး နှင့် မိန်းကလေး အဆောင် နှစ်ခုဖြင့် ခွဲခြားထားပါသည်။ အဆောင်တစ်ခုချင်းစီတွင် အပူပေးစက်နှင့် လျှပ်စစ်မီးများရရှိပါသည်။ အိမ်သာရေချိုးခန်းတွဲလျှက်၊ တစ်ဦးချင်းရေချိုးခန်းများလည်းရရှိပါသည်။အိပ်ခန်းအနေဖြင့် ကျောင်းသူ/သား ၂၀ မှ ၂၆ ယောက်အကြားဆံ့သည့် ပစ္စည်းပစ္စယထားရန်စင်ပါသောနှစ်ထပ်အိပ်ခုတင် များထားရှိပေးပါသည်။ အဆောင်တစ်ခုစီမှ ကျောင်းသူ/သား ၆၆ ယောက်စီတာဝန်ယူရပါသည်။

မြေနေရာ- စခန်း၏အကျယ်အဝန်းသည် ခန့်မှန်းခြေအားဖြင့် ၁၅၀ ဧကခန့်ရှိပြီး၊ သစ်တော၊ လယ်ကွင်း၊ ရေကန်ငယ် နှင့် လှုပ်ရှားမှုအတွက်ဧရိယာ စသည့်တို့ပါဝင်ပါသည်။ အဓိကအဆောက်အဦးကြီးသည် Clear Lake ကမ်းခြေအနားတွင်တည်ရှိသည်။

## ကြီးကြပ်မှု - Supervision

ကလေးများကိုတစ်ရက်တွင် ၂၄ နာရီလုံးလုံးကြီးကြပ်မှုအောက်၌ရှိနေကြပါသည်။ ဤစခန်းတွင် တာဝန်ယူသောသူများမှာ- အခန်းဆရာ/မများ၊ စခန်းတွင်တာဝန်ယူရသော စခန်းညွှန်ကြားရေးမှူး၊ လက်ထောက်ညွှန်ကြားရေးမှူး/နေ့ပိုင်းကျန်းမာရေးတာဝန်ယူရသောဝန်ထမ်း၊ အစီအစဉ်ကြီးကြပ်ရေးမှူး၊ ညဖက်ကျန်းမာရေးတာဝန်ယူရသောဝန်ထမ်း၊ နည်းပြများ၊ ပြုပြင်ထိန်းသိမ်းရေးဝန်ထမ်းများ၊ နှ
မီးဖိုဝန်ထမ်းများ ဖြစ်ကြပါသည်။ စာသင်ခန်းတစ်ခန်းတွင်သင်ကြားပို့ချပေးသောဆရာ/မ
နှစ်ဦးစီတာဝန်ယူရန်ခန့်အပ်ထားပါသည်။ ယောကျာ်းကလေးအဆောင် နှင့် မိန်းကလေးအဆောင် များတွင်အဆောင်မှူးတစ်ဦးစီခန့်အပ်ထားပါသည်။ အဆောင်၏တံခါးအပြင်ဖက်တွင် သတိပေးခေါင်းလောင်းသံ(alarmed) များထားရှိပြီး၊ ညနေဖက်ပိုင်းတွင် အနည်းဆုံးသုံးကြိမ်စစ်ဆေးလျှက်ရှိပါသည်။ တာဝန်ကျဝန်ထမ်းနှင့်အဖွဲ့ဝင်များအားလုံးတို့သည် ပြည်နယ်၏ လုပ်ထုံးလုပ်နည်းနှင့် အညီအလုပ်ခန့်ထားသောသူများဖြစ်ကြပါသည်။

## ကျန်းမာရေးဝန်ဆောင်မှု (Health Service)

သင်တန်းအောင်လက်မှတ်ရရှိပြီးသောကျန်းမာရေးအရာရှိ နှစ်ဦးအား ၂၄ နာရီအတွင်းကလေးများ၏ကျန်းမာရေးစောင့်ရှောက်မှုအတွက်ခန့်အပ်ထားပါသည်။ နေ့ပိုင်းတာဝန်ကျသောကျန်းမာရေးအရာရှိမှကလေးများဖျားနာမှုရှိခဲ့ပါက ဆေးဝါးပြင်ဆင်ခြင်း၊ ကျန်းမာရေးစစ်ဆေးပေးခြင်း နှင့် စားသောက်ရမည့်အစားအစာများပြင်ဆင်ပေးပါသည်။ညဖက်ပိုင်းတာဝန်ကျသောကျန်းမာရေးအရာရှိမှ လိုအပ်သောဆေးဝါးများပုံမှန်သောက်သုံးနိုင်ရန်စီစဉ်ဆောင်ရွက်ပေးပါသည်။သင့်ကလေး၏ကျန်းမာရေးနှင့်ပတ်သက်၍အခြေအနေဆိုးရွားမှုများရှိပါကစခန်းသို့ဖုန်းဖြင့်အကြောင်းကြားပေးပါ။ စခန်းတွင်ရှေ့ဦးသူနာပြုစောင့်ရှောက်မှုရှိသော်လည်းဆေးဝါးများကိုမူသိုလှောင်ထားခြင်းမရှိပါ။ ဆရာဝန်ညွှန်ကြားမှု နှင့် ခွင့်ပြုချက်ပါသောဆေးဝါးများသာလျှင်သုံးစွဲနိုင်ခွင့်ရှိပါသည်။ ဆေးဝါးပါလာသောကျောင်းသူ/သားများအတွက်စခန်းရောက်လျှင်ရောက်ချင်းဆေးဝါးများကိုစုဆောင်းပေးကြရပါသည်။

## သတ်မှတ်ချက်၊ တောင်းဆိုချက် (Requirement)

မိဘများသည် **ကျန်းမာရေးနှင့်ပတ်သက်သောဖောင်**ကိုပြည့်စုံအောင်ဖြည့်စွပ်ပြီးလက်မှတ်ရေးထိုးရပါမည်။ အကယ်၍ဆေးဝါးသုံးစွဲရန်လိုအပ်ပါက၊ **ဆေးဝါးသောက်သုံးရန်ခွင့်ပြုချက်ဖောင်**ကိုလည်းတောင်းဆိုထားပါသည်။ ဆေးဝါးသောက်သုံးရန်ခွင့်ပြုချက်ဖောင်တွင် မိဘ နှင့် ဆရာဝန် တို့၏လက်မှတ်ပါရှိရပါမည်။ ဆေးဝါးဟုဆိုရာတွင် ဆရာဝန်ဆေးညွှန်း၊ ဝယ်ယူ၍ရသောဆေး နှင့် အခြားဆေးဝါးများအားလုံးကိုဆိုလိုပါသည်။ လွှဲပြောင်းပေးသောဆေးဝါးများအားလုံးကိုသောက်သုံးပုံဆေးညွှန်းမှအစအဆုံးစိတ်ဖော်ပြပေးရမှာဖြစ်ပါသည်။ ဆေးဝါးသုံးစွဲရန်ခွင့်ပြုထားသောဖောင်သည် ဆရာဝန်ရုံးမှ စခန်းသို့ဖက်စ်ဖြင့်ပို့ပေးရပါမည်။

အုပ်စုလိုက်လှုပ်ရှားမှုများဖြစ်သည့် (ကနူလှေလှော်ကစားနည်း၊ လေးပစ်ကစားနည်း၊ အသင်းအဖွဲ့ကစားနည်းများ) စသည့်တို့အတွက် စိန်ခေါ်မှုရှိသောလှုပ်ရှားမှုများအပေါ် လက်ခံမှုနှင့်ခွင့်ပြုချက်တောင်းခံခြင်းဖောင်ကိုဖြည့်စွပ်ပေးရန်တောင်းဆိုထားပါသည်။ စာသင်ကျောင်းတစ်ကျောင်းအတွက်လှုပ်ရှားမှုအမျိုးအစားတစ်ခုစီကိုရွေးချယ်ခြင်းဖြစ်သောကြောင့်၊ သင့်ကလေး၏ကျောင်းတွင်မည်သည့်လှုပ်ရှားမှုများကိုရွေးချယ်ထားကြောင်းစုံစမ်းနိုင်ပါသည်။

ဖောင်များကိုကျွန်ုပ်တို့၏ဝက်ဆိုဒ်ဖြစ်သည့် http://clearlakecamp.org တွင်ရရှိနိုင်ပါသည်။

## အဝတ်အစား နှင့် အသုံးဆောင်ပစ္စည်းများ (Clothing and Equipment)

မည်ကဲ့သို့ပစ္စည်းများထုပ်ပိုးရမည်ဆိုသည့်အကြောင်းကိုကျွန်ုပ်တို့၏ဝက်ဆိုဒ်တွင်ကြည့်ရှုနိုင်ပါသည်။ သင့်ကလေး၏စခန်းအတွင်းနေထိုင်စဉ်အသုံးပြုမည့်ပစ္စည်းများကိုထုပ်ပိုးရာတွင်သင်ကူညီပေးခြင်းဖြင့်သင့်ကလေးသည်သူ၌မည်သည့်ပစ္စည်းများရှိကြောင်းသိနိုင်မှာဖြစ်ပါသည်။ သင့်ကလေး၏ပစ္စည်းတိုင်းတွင်သူ/သူမ၏နာမည်ရေးသားထားပေးပါ။ အဝတ်အစားထုပ်ပိုးသောအခါ ရာသီဥတုနှင့်သင့်လျော်သောအဝတ်အစားများပြင်ဆင်ပေးပါ။ အဝတ်အစားများပေကျံမှာဖြစ်သောကြောင့်၊ ခြောက်လွယ်ပြီးလွတ်လပ်ပေါ့ပါးသောအဝတ်အစားများရွေးချယ်ပေးပါ။ စာသင်ကျောင်းနှင့်သင့်လျော်သောအဝတ်အစားများကိုသာဝတ်ဆင်ရပါမည်။ မယူဆောင်ရဟူသောပစ္စည်းအမျိုးအစားများ မထည့်မိစေရန်သတိပြုပါ။ လက်ကိုင်ဖုန်း နှင့် အီလက်ထရွန်းနစ်ပစ္စည်းများလုံးဝလက်မခံပါ။

## ဈေးဝယ်ရန် (Store)

အမှတ်တရပစ္စည်းများဝယ်ယူနိုင်ရန်ဈေးဆိုင်ငယ်လေးတစ်ခုရှိပါသည်။ ဝယ်ယူရရှိနိုင်သောပစ္စည်းအမျိုးအစားနှင့်ဈေးနှုန်းများမှာ-ခဲတံတစ်ချောင်းလျှင် $ ပြား ၅၀၊ တီရှပ်တစ်ထည်လျှင် $၁၀.၀၀ နှင့် အပေါ်အင်္ကျီ(sweatshirt)တစ်ထည်လျှင် $၂၅.၀၀ တို့ဖြစ်ပါသည်။ ယေဘုယျအားဖြင့် ဆယ်ဒေါ်လာ မှ ဆယ့်ငါးဒေါ်လာအတွင်းအသုံးပြုနိုင်ပါသည်။ သို့ရာတွင်၎င်းမှာမိမိတို့၏ရွေးချယ်မှုသာဖြစ်ပါသည်။ ဝယ်ရမည်ဟုသတ်မှတ်ထားခြင်းမရှိပါ။

## စာပို့ခြင်း (Mail)

ကျောင်းသူ/သားတိုင်းမိသားစုများထံမှစာများလက်ခံရရှိသောအခါပျော်ရွှင်ကြမှာဖြစ်ပါသည်။ စာပို့မည်ဆိုပါက၊ စောလျှင်စွာပို့ထားပါ။ အဘယ့်ကြောင့်ဆိုသော်စခန်းတွင်ရက်သတ္တပတ်သာနေထိုင်မှာဖြစ်ပါသည်။ ပျော်ရွှင်စရာကောင်းသောစာများသာရေးသားပေးပို့ပါ။ အစားအစာနှင့်သကြားလုံးများမပို့ပါနှင့်။ စာပို့သောအခါ အောက်ပါလိပ်စာအတိုင်းပေးပို့ပါ။

သင့်ကလေးနာမည်၊ စာသင်ကျောင်းအမည်<br>
Outdoor Education Center<br>
10160 S. M-37 Hwy<br>
Dowling, MI 49050

ကျွန်ုပ်တို့အနေနှင့်ကလေးများကိုလည်းမိမိတို့အိမ်သို့စာများပေးပို့ရန်အားပေးတိုက်တွန်းပါသည်။ သင့်ကလေးအားမိမိတို့အိမ်သို့စာပို့နိုင်ရန် တံဆိပ်ခေါင်း နှင့် မိမိတို့အိမ်လိပ်စာအပြည့်အစုံရေးသားထားပြီးသောစာအိတ် တို့ကိုပြင်ဆင်ထားပေးပါ။ တံဆိပ်ခေါင်းသည်စခန်း၏ဈေးဆိုင်တွင်ဝယ်ယူရရှိနိုင်ပါသည်။

## အလည်လာခြင်း (Visitation)

မိဘများအားလုံး ကလေးများရှိနေသည့် ပြင်ပပညာရေးစင်တာသို့လာရောက်လည်ပတ်ရန်ဖိတ်ခေါ်ပါသည်။ သို့ရာတွင် ကလေးများသည်မိဘများကိုတွေ့သောအခါအိမ်ကိုလွမ်းသောစိတ်များပေါ်ပေါက်စေနိုင်ပါသည်။ အကယ်၍ကလေး၌စိုးရိမ်စရာအကြောင်းတစ်စုံတစ်ရာရှိပါက၊ ဝန်ထမ်းများနှင့်တွေ့ဆုံမှုပြုပြီး၊ မိဘများအားလာရောက်လည်ပတ်ရန်အားပေးပါသည်။ မိဘများအနေဖြင့်စခန်းတွင်လာရောက်မည်ဆိုပါကကြိုတင်၍ဖုန်းဖြင့်အကြောင်းကြားပေးရပါမည်။

## အိမ်ကိုလွမ်းခြင်း (Homesickness)

ကလေးများအိမ်ကိုလွမ်းသောအကြောင်းအရာနှင့်ပတ်သက်၍ကျွန်ုပ်တို့များစွာအတွေ့အကြုံရရှိခဲ့ကြပြီးဖြစ်ပါသည်။ ထိုအတွေ့အကြုံများအရထိုကဲ့သို့အိမ်လွမ်းသောကလေးများအားပျော်ရွှင်စွာနေထိုင်နိုင်ရန်ကူညီနိုင်မည့်နည်းလမ်းများစွာရှိကြပါသည်။ အကယ်၍မိဘများအနေဖြင့်မိမိတို့ကလေးသည်အိမ်လွမ်းနာကျတတ်သည်ဆိုပါက၊ ဖောင်ဖြည့်သောအခါပြည့်စုံစွာဖော်ပြပေးစေလိုပါသည်။ဝန်ထမ်းများအနေဖြင့်ကြိုတင်သိရှိရပါက၊ဆိုးဆိုးရွားရွားမဖြစ်မီကြိုတင်ကာကွယ်နိုင်ပါသည်။ <u>ဆိုးဆိုးရွားရွားအခြေအနေမျိုးမဟုတ်ဘဲကျောင်းသူ/သားများနှင့်မိဘများအားတိုက်ရိုက်ဖုန်းပြောခွင့်မပေးပါ။</u> ကြာရှည်စွာအိမ်လွမ်းနာကျနေသောကလေးအတွက်ချက်ချင်းမိဘများအားဖုန်းခေါ်မပေးပါ။ အဘယ့်ကြောင့်ဆိုသော်ကလေးများသည်မိဘများနှင့်တစ်ခါတည်းဖုန်းပြောမိတာနှင့်တပြိုင်နက်အိမ်လွမ်းခြင်းဝေဒနာပို၍ခံစားတတ်ကြသောကြောင့်ဖြစ်သည်။ ဤမိဘလက်စွဲ၏နောက်ဆုံးစာမျက်နှာတွင် **"သင်အိမ်လွမ်းနာရှိတတ်သလား- Are You Homesick"** ဆိုသည့်မေးခွန်းတစ်ခုဖြေရန်ဖောင်ရှိပါသည်။ မိဘများအနေဖြင့်၎င်းဖောင်ကိုဖြည့်စွပ်ပေးခြင်းဖြင့် သင့်ကလေးနှင့်ဆရာ/မများကိုကူညီပေးနိုင်ပါသည်။

## အစားအစာဓာတ်မတည့်ခြင်း (Food Allergies)

အစားအစာဓာတ်မတည့်ခြင်းနှင့်ပတ်သက်၍ မိဘများအတွက်အဓိကစိုးရိမ်စရာဖြစ်လာသည်။ ထို့ကြောင့် သင့်ကလေး၏ကျန်းမာရေးနှင့်ပတ်သက်သောသတင်းအချက်အလက်ဖောင်ဖြည့်စွပ်သောအခါ၊ အစားအစာဓာတ်မတည့်ခြင်းရှိမရှိသေချာရေးသားဖြည့်စွပ်ပေးပါ။ ဤအကြောင်းအရာသည်အလွန်အရေးကြီးသောကြောင့်၊ အကယ်၍အစားအစာဓာတ်မတည့်ခြင်းရှိခဲ့ပါက၊ အသေးစိတ်ရေးသားပေးရပါမည်။ မီးဖိုချောင်ဝန်ထမ်းများသည် အများစုဓာတ်မတည့်မှုဖြစ်စေတတ်သည့် မြေပဲ၊ အခွံမာသီး နှင့် ပင်လယ်အစားအစာများကိုရှောင်ကျဉ်ထားပါသည်။ အခြားသောအရာအားဖြင့်ဓာတ်မတည့်ခြင်းမကြာခဏဖြစ်နိုင်သောကြောင့်မိဘများအနေဖြင့်မိမိတို့ကလေးအတွက်စခန်းတွင်နေစဉ်ကာလမိမိတို့၏စားစရာများယူဆောင်လာခြင်းမျိုးရှိနိုင်ပါသည်။ ထိုသို့အစီအစဉ်ရှိပါကစခန်းသို့ကြိုတင်ပြီးသတင်းပေးပို့ရမှာဖြစ်ပါသည်။ စခန်း၏ဖုန်းနံပါတ်မှာ- ၂၆၉-၇၂၁-၈၁၆၁ ဖြစ်ပါသည်။

## အထူးလိုအပ်ချက် (Special Needs)

ကလေးများအားလုံးအတွက်အကောင်းဆုံးပံ့ပိုးနိုင်ရန်ဝန်ထမ်းများအနေဖြင့်အားထုတ်လျှက်ရှိပါသည်။ သို့သော်သတ်မှတ်ထားသောအကန့်အသတ်များရှိပါသည်။ စိုးရိမ်ကြောင့်ကြမှုတစ်စုံတစ်ရာရှိပါကစခန်းသို့ဖုန်းဆက်အကြောင်းကြားပေးပါ။

## ပုံမှန်နေ့စဉ်အချိန်ဇယား (Typical Daily Schedule)

နံနက် ၇:၀၀ --- အိပ်ယာထ
နံနက် ၇:၄၀ --- အဆောင်သန့်ရှင်းရေး၊ စားပွဲများခင်းကျင်းခြင်း။
နံနက် ၈:၀၀ --- သရေစာစားချိန်
နံနက် ၉:၀၀ --- နံနက်ပိုင်းလှုပ်ရှားမှုအချိန်
နေ့လည် ၁၂:၀၀ ---နေ့လည်စာစားချိန်
ညနေ ၁:၀၀ --- ညနေပိုင်းလှုပ်ရှားမှုအချိန်
ညနေ ၄:၀၀ --- အဆောင်တွင်အနားယူခြင်း
ညနေ ၅:၃၀ --- ညနေစာစားချိန်
ညနေ ၆:၃၀ --- ညချမ်းလှုပ်ရှားမှုအချိန် (Evening activity period)
ညနေ ၈:၂၀ --- ညချမ်းသရေစာစားချိန် (Evening Snack)
ညနေ ၈:၃၀ --- အဆောင်တွင် ရေချိုးခြင်း၊ အိပ်ယာဝင်ရန်ပြင်ဆင်ခြင်း၊
ညနေ ၉:၃၀ --- မီးပိတ်

## အပြုအမူ၊ အနေအထိုင်ဆိုင်ရာမူဝါဒ (Behavior Policy)

အိုအီးစီသည်ကျောင်းသူ/သားတိုင်း၏ လုံခြုံစိတ်ချမှုရရှိရန်၊ လိုအပ်ချက်အပေါ် ကျေနပ်မှုရရှိရန်၊ နှင့်တိုးတက်အောင်မြင်သောအတွေ့အကြုံများရရှိစေရန် အားသွန်ခွန်စိုက်လျှက်ရှိပါသည်။ ကျောင်းသူ/သားများအတွက် သူတို့၏အနေအထိုင်၊အပြုအမူအတွက်တာဝန်ယူနိုင်ရန် Five Finger Full Value Contract ဆိုသည့်စည်းကမ်းသတ်မှတ်ထားပေးပါသည်။ ၎င်းတို့မှာ-

- လုံခြုံစိတ်ချမှုရှိရေး (Safety)
- ယုံကြည်ချက်၊ ခံယူချက်ရှိရန် (Commitment)
- ရိုသေလေးစားမှုရှိခြင်း (Respect)
- တာဝန်ယူတတ်ခြင်း (Responsibility)
- ပျော်ရွှင်စွာနေထိုင်ခြင်း (Fun!)

ကျွန်ုပ်တို့သည် စည်းကမ်းမလိုက်နာသောကလေးများအတွက် နှုတ် နှင့် စာ ဖြင့်သတိပေးခြင်းကိုအစဉ်သဖြင့်အသုံးပြုကြပါသည်။ အောက်တွင်ဖော်ပြထားသောအဆင့်သတ်မှတ်ချက်များမှာ ကလေးများအနေဖြင့်လက်မခံနိုင်သောအပြုအမူများကျူးလွန်ခြင်းရှိပါက အရေးယူဆောင်ရွက်မည့်အဆင့်ဆင့်ဖြစ်ပါသည်။

၁. နှုတ်ဖြင့်သတိပေးခြင်း။

၂. **<u>အဆင့် တစ်</u>** - စာဖြင့်သတိပေးခြင်း- မိမိအပြုအမူ၏အကျိုးဆက်ကြောင့် ခဏတဖြုတ်စာသင်ခန်းမှထွက်ရခြင်း(short Time out) နှင့် နေရာထိုင်ခင်းလဲရန်လိုအပ်ခြင်း။ စသည့်တို့ကိုမှတ်သားထားမှာဖြစ်ပါသည်။

၃. **<u>အဆင့် နှစ်</u>** - စာဖြင့်သတိပေးခြင်း - မိမိအပြုအမူ၏အကျိုးဆက်များအားမှတ်တမ်းတင်ခံရခြင်းနှင့် ကျောင်းသားသည် သတ်မှတ်ထားသောခဏတဖြုတ်စာသင်ခန်းမှထွက်ပေးရခြင်းအစီအစဉ်အတွက်ကျူးလွန်မှုပြည့်ခဲ့ပြီဖြစ်သည်။

၄. **<u>အဆင့် သုံး</u>** - စာဖြင့်သတိပေးခြင်း - မိမိအပြုအမူ၏အကျိုးဆက်များအားမှတ်တမ်းတင်ခံရသည်။ အဆင့်သုံး၏အစီအစဉ်သည် မိဘ နှင့် ကျောင်းအုပ်ဆရာကြီးများကိုဖုန်းဖြင့်အကြောင်းကြားရန်ဖြစ်သည်။

၅. **<u>အဆင့် လေး</u>** - စာဖြင့်သတိပေးခြင်း - စခန်းမှနှုတ်ထွက်စေခြင်း။

## ချက်ချင်းထုတ်ပယ်နိုင်သောအသုံးအနှုန်းများ (Terms for Immediate Dismissal)

၁. မီးရှို့ရန်ပြင်ဆင်ခြင်း သို့မဟုတ် မီးအချက်ပြသတိပေးခေါင်းလောင်းဆွဲချခြင်း။
၂. လက်နက်ပိုင်ဆိုင်ခြင်း သို့မဟုတ် တရားမဝင်ပစ္စည်းများရှိခြင်း။
၃. အခြားသူအားရုပ်ပိုင်းဆိုင်ရာအကြမ်းဖက်ပြုရန်ရှေ့ရှုခြင်း။
၄. အခြားသူအား နှုတ်ဖြင့်စော်ကားခြင်း။
၅. ပြောင်ကျကျဖျက်ဆီးခြင်း။
၆. ရည်ရွယ်ချက်ရှိရှိဖြင့် ဆန့်ကျင်ဖက်ဖြစ်သော ကျား/မ အဆောင် သို့မဟုတ် သန့်စင်ခန်းသို့ဝင်ခြင်း။

## ကျောင်းသူ/သားများ စခန်းမှစောလျှင်စွာပြန်လည်ထွက်ခွာခြင်း (Student Leaving Camp Early)

ကျောင်းသူ/သားများသတ်မှတ်ထားသောအချိန်ထက်စောလျှင်စွာပြန်လည်ထွက်ခွာမည်ဆိုပါက၊ မိဘ၊ အုပ်ထိန်းသူ၊ သို့မဟုတ် အရေးပေါ်ဆက်သွယ်ရမည့်သူ စသည့်တို့မှလက်မှတ်ရေးထိုးရမှာဖြစ်ပါသည်။ ထိုပုဂ္ဂိုလ်များသည် ကလေး၏ လျှောက်လွှာ နှင့် ကျန်းမာရေးဆိုင်ရာသတင်းပေးမှုအချက်အလက်များတွင်နာမည်ပါသောသူများဖြစ်ရပါမည်။ ၎င်းတို့၏ မှတ်ပုံတင် I.D ကိုလည်းပြရမှာဖြစ်ပါသည်။ မည်သည့်အကြောင်းကြောင့်ဖြစ်စေကျောင်းသူ/သားအားအိမ်သို့ပြန်လည်ပို့ဆောင်ပါက စာသင်ကျောင်းမှ၎င်းကျောင်းသူ/သားများ၏ကုန်ကျစရိတ်အားလုံးပေးဆောင်ရမှာဖြစ်ပါသည်။ ဥပမာ- အိမ်လွမ်း၍ဖြစ်စေ၊ အပြုအမူကြောင့်ဖြစ်စေ၊ သို့မဟုတ် မိသားစုမှရွေးချယ်သည်ဖြစ်စေ။

## အိမ်လွမ်းနာကျတတ်ပါသလား? Are You Homesick?

American Academy of Pediatrics ၏ပြောကြားချက်အရ၊ လူတိုင်းအိမ်လွမ်းသောဝေဒနာခံစားရကြောင်းထုတ်ဖော်ထားပါသည်။ Christopher Thurber, PhD နှင့် Edward Walton, MD တို့သည် အိမ်လွမ်းနာကျခြင်းမှ ကာကွယ်ရန်နည်းလမ်းများ နှင့် ကိုင်တွယ်ဖြေရှင်းနည်းများရေးသားထားပါသည်။ ၎င်းတို့မှာ-

### မိဘများ- အိမ်လွမ်းနာကျခြင်းမှ ကာကွယ်ရန်နည်းလမ်းများ

### Parents: Ways to Prevent Homesickness

- သင့်ကလေးအားသင်နှင့်ခဏတာခွဲခွာရမည်ဆိုသည့်အကြောင်းဆွေးနွေးပါ။
    - အကယ်၍သင့်ကလေးသည်အိမ်လွမ်းနာကျဟန်ရှိသော် အောက်တွင်ဖော်ပြထားသောဖြေရှင်းနည်းများကိုပြောပြပါ။
- ကလေးအားလက်တွေ့ကျသော ခရီးတိုထွက်စေပါ။ ဥပမာ သူငယ်ချင်း သို့မဟုတ် ဆွေမျိုးသားချင်းအိမ်တွင်ခဏနေထိုင်ခြင်း
- သင့်ကလေးအားစာရေးနည်းကိုလက်တွေ့လုပ်ဆောင်စေပါ။
    - ကလေးအားကြိုတင်ပြီး တံဆိပ်ခေါင်း၊ အိမ်လိပ်စာပါသောစာအိတ် နှင့် စာရွက်များပေးထားပါ။
- သင့်ကလေးအားမိတ်ဆွေသစ်များဖွဲ့ရန်နှင့်သူ့ကိုကူညီနိုင်သောလူကြီးများရှာဖွေရန်အားပေးပါ။
- သင့်ကလေး၏ စခန်းခရီးစဉ်နှင့်ပတ်သက်၍ စိတ်ပါဝင်စားမှု နှင့် အကောင်းမြင်မှုရှိပါ။
    - ဆန့်ကျင်သောသဘောထား- ဒီလိုမပြောပါနှင့်။ "မင်းအဆင်ပြေမယ်လို့မျှော်လင့်ပါတယ်"
    - သားရယ် သို့မဟုတ် သမီးရယ် မင်းမရှိဘဲနှင့် အဖေ၊အမေကဘယ်လိုနေရမလဲဆိုသည့်စကားမျိုးမပြောပါနှင့်။ ၎င်းအစား သူတို့ပြန်လာသောအခါအသစ်သောအတွေ့အကြုံတွေမြောက်မြားစွာရရှိကြမည်ဟုယုံကြည်ပါ။
    - ပျော်ပျော်ရွှင်ရွှင် နှင့် အကောင်းမြင်ရှိသောစာများပို့ပေးပါ။ - ဘာတွေလုပ်နေသလဲ၊ ဘယ်သူနှင့်အတူနစ်ထပ်ခုတင်သုံးတာလဲ၊ မင်းပျော်ရွှင်နေမယ်လို့မျှော်လင့်တယ် စသည့်ဖြင့်၊ရေးသားပေးပါ။
- သင့်ကလေး၏စခန်းအတွက်ထုပ်ပိုးမည့်ပစ္စည်းများတွင်ပူးပေါင်းပါဝင်ပေးပါ။ ဥပမာ- ဘယ်လိုပစ္စည်းထုပ်ပိုးမလဲ? ဘယ်သူနှင့်အခန်းအတူတူနေမလဲ?စသည့်ဖြင့်။
- သူတို့နှင့်အပေးအယူမလုပ်ပါနှင့်။ အကောင်းဆုံးလုပ်နိုင်ရန်အားပေးပါ။
    - နေ့တိုင်းဖုန်းခေါ်မည်ဆိုတာမျိုးကတိမပေးပါနှင့်- သူတို့အိမ်ကိုပိုလွမ်းနိုင်ပါသည်။
    - အချိန်မရွေးပြန်လာခေါ်နိုင်တယ်နော်ဆိုတာမျိုးကတိမပေးပါနှင့်-ကြိုးစားမှုအားနည်းတတ်ပါသည်။
- အားလပ်ရက်အတွက်ဆေးဝါးများအဖြေစ်အတွေ့ကြုံများမသုံးပါနှင့်။
- အကယ်၍ကလေး၌အထူးလိုအပ်မှုရှိပါကစခန်းသို့အကြောင်းကြားပြီးစီစဉ်မှုများပြုလုပ်ပေးမှာဖြစ်ပါသည်။

## စခန်းတွင်နေထိုင်သူ- အိမ်လွမ်းခြင်းမှဖြေရှင်းရေးနည်းလမ်းများ
## Campers: Ways to Cope With Homesickness

- ပျော်စရာကောင်းသောအရာတစ်ခုခုလုပ်ပါ။ သူငယ်ချင်းများနှင့်စကားပြောပါ။သို့မဟုတ် လှုပ်ရှားမှုတွင်ပါဝင်ပါ။
- အိမ်နှင့်နီးစပ်နိုင်သည့်အကြောင်းအရာတစ်ခုခုလုပ်ဆောင်ပါ။ ဥပမာ- အိမ်သို့စာရေးပါ။ ပုံဆွဲပါ သို့မဟုတ် စခန်းတွင် တွေ့ကြုံရသောပျော်စရာအကြောင်းများ နေ့စဉ်မှတ်တမ်းရေးသားထားပါ။
- တစ်ယောက်ယောက်နှင့်စကားပြောဖို့ရှာပါ။- စခန်းဝန်ထမ်း၊ ဆရာ/မ သို့မဟုတ် သူငယ်ချင်း။
- အချိန်တိုတောင်းလာမည့်အကြောင်းများစဉ်းစားပါ။ ဥပမာ- မနက်ဖြန်လုပ်ရမည့်လှုပ်ရှားမှုများ စသည့်ဖြင့်။
- အိမ်အကြောင်းကိုဘဲမစဉ်းစားနှင့်။- လက်ရှိအချိန်တွင်နေထိုင်ပြီး၊ လုပ်ဆောင်မှုတိုင်းတွင်ပျော်ရွှင်အောင်ဖန်တီးပါ။
- သင့်ကိုပျော်ရွှင်စေသောသူပြောခဲ့သောစကားများပြန်စဉ်းစားပါ။

**သင့်ကလေးအား သူတို့တကယ်လုပ်ဆောင်နိုင်ပါသည်ဆိုသည့်အကြောင်းအားပေးစကားပြောပြပါ။ အကယ်၍သင့်ကလေးသည်၎င်းအိမ်လွမ်းနာနှင့်ပတ်သက်၍ကိုင်တွယ်ဖြေရှင်းနိုင်ပါက၊ သူတို့ဘဝတစ်လျှောက်တွင်ကြုံတွေ့လာနိုင်သော၊ အခြားသောအခက်အခဲများစွာကိုင်တွယ်ဖြေရှင်းနိုင်မှာဖြစ်ပါသည်။**